# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်စျေးကွက်သတင်းလွှာ

October 29, 2024 Volume 83, Number 18


| ၂၉.၁၀.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = N/A |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၁.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၆.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၀.၅၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၆၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တန်ဆောင်တိုင်အကြို စျေးရောင်းပွဲတော်အဖြစ် မြေပဲဆီ၊နှမ်းဆီများကို စျေးနှုန်းသက်သာစွာ ရောင်းချပေးသွားမည်




မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းကကြီးမှူး၍ ပြည်တွင်းပဲဆီစားသုံးမှုကိုမြှင့်တင်ခြင်းနှင့် ပြည်ပမှစားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်ပြီး တန်ဆောင်တိုင်ပွဲတော်စျေးရောင်းပွဲတော်အဖြစ် နိုဝင်ဘာလ ၂ ရက်မှ ၃ရက်အထိ မန္တလေးမြို့၊ ရတနာပုံဆူပါစင်တာပရိုမိုးရှင်းဧရိယာတွင်စျေးနှုန်းသက်သာစွာဖြင့် စနေ၊တနင်္ဂနွေပိတ်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း စျေးရောင်းပွဲကျင်းပရေးကော်မတီထံက သိရသည်။

တန်ဆောင်တိုင်စျေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချမည့်ဆီများမှာ FDA လက်မှတ်ရပြီး ဆီအရည်အသွေးစံချိန်စံညွှန်းကိုက်ညီမှုရှိရမည့်အပြင် သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသော အမှတ်တံဆိပ်၊ဥပဒေ၊စားသုံးသူကာကွယ်ရေးဥပဒေများ နှင့်လည်းကိုက်ညီသည့် အရည်အသွေးကောင်းပဲဆီသန့်ကို ထုတ်လုပ်စရိတ်အရင်းအတိုင်း စျေးနှုန်းသက်သာစွာရောင်းချပေးသွားရန် လျာထားကြောင်း မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ တန်ဆောင်တိုင်စျေးရောင်းပွဲတော်အဖြစ်ဆီအသင်းကနေမြေပဲဆီသန့်ကိုတစ်ပိဿာလျှင် ငွေကျပ် ၁၆,၀၀၀ နဲ့ ထုတ်လုပ်မှုကုန်ကျစရိတ်အရင်းအတိုင်း ရောင်းချပေးတာပါ။

၅၀ ကျပ်သားကနေ ၁၀ပိဿာပုံးနဲ့ လိုအပ်သလောက် ပွဲတော်ရက်အတွင်း ရောင်းချပေးသွားမှာပါ။ထုပ်ပိုးမှုအပါအဝင်ရောင်းချတဲ့ဈေးမို့ ဒီဆီဈေးက အပြင်ထက်သက်သာတဲ့ဈေးပါ။ပွဲတော်ကာလအတွင်း နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း ဖုန်းဆက်မှာယူလိုပါက အိမ်အရောက်ပို့ဆောင်ပေးပါမယ်”ဟု ၎င်းကပြောသည်။

ဈေးရောင်းပွဲတော်ကာလအတွင်း အိမ်အရောက်မှာယူလိုပါက ဖုန်းနံပါတ် -၀၉-၇၉၂၂၂၉၁၁ သို့ နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း မှာယူပါက အိမ်အရောက်ပေးပို့ရောင်းချသွားမည်ဟု သိရသည်။

**Source: မကွေးဂျာနယ်**

## ရွှေရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှုအဖြစ်သတ်မှတ်



ရွှေရောင်းဝယ်ခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ်သတ်မှတ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အောက်တိုဘာ၂၅ ရက်တွင် အမိန့်ထုတ်ပြန်ခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)အရ ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ်သတ်မှတ်ကြေညာပြီးယင်းဝန်ဆောင်မှုနှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလိုဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်တို့ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား အပ်နှင်းလိုက်ကြောင်း အောက်တိုဘာ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၄)ဖြင့် ထုတ်ပြန်ခဲ့သည်။

ယင်းနောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုအစိုးရအဖွဲ့ကအပ်နှင်းသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကိုကျင့်သုံး၍ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်လိုက်ကြောင်း အောက်တိုဘာ ၂၅ ရက်တွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

**Source : https://news-eleven.com/article/296842**

## မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လေင်ပန်းကျေးရွာ၌ ပဲတောင့်ရှည်သီးနှံများ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်သည် ဆန်စပါး၊ နှမ်းနှင့် ပဲမျိုးစုံတို့အပြင် စားဖိုဆောင်သီးနှံဖြစ်သည့် ဟင်းသီးဟင်းရွက်များကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ စလင်းမြို့နယ် လေင်ပန်းကျေးရွာတွင် ပဲတောင့်ရှည်သီးနှံကို စိုက်ဧက ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။



ပဲတောင့်ရှည်သီးနှံကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ကေရီ ၁၁၁ မျိုးကို စိုက်ပျိုးကြပြီး ပဲတောင့်ရှည်မျိုးစေ့ တစ်ထုပ်လျှင် ငွေကျပ် ၂၀,၀၀၀ ဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် မျိုးစေ့လေးထုပ်ခန့် စိုက်ပျိုး

ရကြောင်း၊စိုက်ပျိုးရာတွင် မြေအောက်ရေတင်စနစ်ဖြင့် အတန်းလိုက်အစေ့ချ၍ စိုက်ပျိုးရပြီး ရက်ပေါင်း ၂၀ အကြာတွင် တိုင်ထောင်ပေးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ ဝါး၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁,၂၀၀,၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းပိဿာ ၂၀၀၀-၃၀၀၀ ခန့် ထွက်ရှိကြောင်း၊ အောက်တိုဘာ တတိယပတ်တွင် ပဲတောင့်ရှည် တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၁၅၀၀-၂၀၀၀ ဖြင့် ရောင်းချရသည့်အတွက် ငွေကျပ် ၁,၈၀၀,၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် စလင်းမြို့ပေါ်ရှိ ကုန်စိမ်းပွဲစားများက စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ မိုးရွာသွန်းမှုများပြားပြီး အထွက်နှုန်းအနည်းငယ်လျော့နည်းသော်လည်း ပဲတောင့်ရှည် သီးနှံပေါ်စအချိန်တွင် ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိ၍ တွက်ခြေကိုက်ကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ပန်းတနော်မြို့နယ်၌ ဒေသထွက် ပီလောပီနံများ ပေါ်ချိန်တွင် အရောင်းအဝယ် ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီးပန်းတနော်မြို့နယ်၌ ဒေသထွက် ပီလောပီနံ ပေါ်ချိန်တွင် ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

" ပီလောပီနံတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒီဒေသမှာတော့ တောင်သူတွေက ပီလောပီနံ အမျိုးအစားနှစ်မျိုးစလုံးကို စိုက်ပျိုးကြပါတယ်။လက်ရှိတောင်သူတွေစိုက်ပျိုးထားတဲ့ ပီလောပီနံတွေစတင်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ပီလောပီနံပေါ်တဲ့အချိန် အရောင်းအဝယ်ကောင်းတော့ စိုက်တဲ့တောင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ဒီနှစ်ပီလောပီနံဈေးကောင်းရတာက ပီလောပီနံစိုက်တဲ့သူနည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ ဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

ပန်းတနော်မြို့နယ်၌ အောက်တိုဘာလ ပထမပတ်မှစတင်ပြီး ဒေသထွက်ပီလောပီနံများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ပီလောပီနံများပေါ်ချိန်ဖြစ်၍ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

**Source: https://myawady.net.mm/node/58453**

## မြေပဲဆန်အသစ်များ အရောင်းအဝယ်သွက်နေ

အောက်တိုဘာလတတိယပတ်အတွင်း မန္တလေးဈေးကွက်သို့ ကျောက်ပန်းတောင်း၊ နွားထိုး၊ မကွေး၊ အောင်လံနှင့် ပြည်ဒေသများမှ မြေပဲဆန်အသစ်များဝင်ရောက်နေပြီး အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

S1 လုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၈၀၀မှ ၈၃၀၀ ၊ ယခင်တစ်ပတ် ကျပ် ၇၅၀၀ မှ ၇၈၀၀၊ ယခင်လ ကျပ် ၈၂၀၀ မှ ၈၅၀၀ ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၅၀၀ မြင့်တက်လာပြီး ၊ ယခင်လထက် ကျပ် ၂၀၀ မှ ၄၀၀ နိမ့်ကျလာသည်။

S1 ဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၆၀၀ မှ ၇၃၀၀ ၊ ယခင်တစ်ပတ် ကျပ် ၆၇၀၀ မှ ၇၁၀၀၊ ယခင်လ ကျပ် ၇၄၀၀ မှ ၇၆၀၀ ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ထက် ကျပ် ၁၀၀မှ ၂၀၀ မြင့်တက်လာပြီး၊ ယခင်လထက် ကျပ် ၃၀၀ မှ ၈၀၀ ဈေးနိမ့်လာသည်။

S1 ရွေးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၃၅၀ မှ ၇၅၀၀၊ ယခင်တစ်ပတ် ကျပ် ၇၅၀၀ မှ ၇၆၀၀၊ ယခင်လ ကျပ် ၈၀၀၀ မှ ၈၁၀၀ ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ထက် ကျပ် ၁၀၀ မှ ၁၅၀၊ ယခင်လထက် ကျပ် ၆၀၀ မှ ၆၅၀ ဈေးနိမ့်လာသည်။

အနီလုံးဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၇၂၀၀ မှ ၇၅၀၀၊ ယခင်တစ်ပတ်ကျပ် ၇၂၀၀ မှ ၇၃၀၀၊ ယခင်လ ကျပ် ၈၅၀၀ မှ ၈၆၀၀ ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မြင့်တက်လာပြီး ၊ ယခင်လထက် ကျပ် ၁၁၀၀ မှ ၁၂၀၀ နိမ့်ကျလာသည်။

အနီဆီဆန် တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၈၀၀ မှ ၇၀၀၀ ၊ ယခင်တစ်ပတ်ကျပ် ၆၆၀၀ မှ ၆၈၀၀၊ ယခင်လ ကျပ် ၇၀၀၀ မှ ၇၈၀၀ ဖြစ်ခဲ့သည်။

ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မြင့်တက်လာပြီး ယခင်လထက် ကျပ် ၂၀၀ မှ ၈၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

**https://myantrade.gov.mm/article/naypyitaw_25102024_140**

## မန္တလေး ပြည်ပပို့ကုန် မတ်ပဲနှင့် နှမ်းနက်များ အရောင်းအဝယ်ပြန်ကောင်းလာ

မန္တလေး ပဲ၊နှမ်း ဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း ပြည်ပပို့ကုန် ပဲ၊နှမ်းများအနက်မှ မတ်ပဲနှင့်နှမ်းနက်များ အရောင်းအဝယ်ပြန်ကောင်းလာကြောင်း သိရသည်။

“ ဈေးကွက်ထဲမှာ အိန္ဒိယပို့ကုန်ပဲတွေက မတ်ပဲတွေအရောင်းအဝယ်ပြန်ကောင်းလာတယ်။ အမြင့်ဆုံးဈေးအနေနဲ့ ပစ္စည်းကောင်းရင် ပိဿာ ၆၀ တစ်အိတ်ကို ကျပ် ၃၈၅,၀၀၀ အထိဈေးရတယ်။အခုလက်ရှိ တောင်သူတွေလက် ထဲမှာ မတ်ပဲက သိပ်မရှိတော့ဘူး။ကုန်သည်တွေလက်ထဲမှာဘဲ ရှိတာများတယ်။ မတ်ပဲအသစ်တွေလည်း ထွက်လာတော့မှာဆိုတော့ အခုဈေးနှုန်းထက်တော့သိပ်မတက်နိုင်တော့ဘူး” ဟု မန္တလေးမြို့ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

အလားတူတရုတ်နိုင်ငံကလည်း မြန်မာနိုင်ငံမှထွက်ရှိသော ပဲ၊နှမ်းများအနက် နှမ်းနက်များကို အဓိကထားဝယ်ယူလာပြီး ယခင်နှစ်များထက်ဈေးကောင်းရရှိနေကာလက်ရှိတွင်ပစ္စည်းအရည်အသွေးအပေါ်မူတည်ကာနှမ်းနက် ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၅၈၀,၀၀၀ မှ ၆၅၀,၀၀၀ အကြားပေါက်ဈေးရှိသည်။

ယခုအခါမန္တလေးပဲ၊နှမ်းဈေးကွက်အတွင်းသို့ ပျဉ်းမနား၊လယ်ဝေး၊တပ်ကုန်း၊မကွေး၊နတ်မောက်၊အောင်လံနှင့်ရွှေဘို စသည့်ဒေသ များမှ နှမ်းနက်များ ဝင်ရောက်နေပြီး ၎င်းတို့အနက် မကွေး၊နတ်မောက်၊အောင်လံဘက်မှ ထွက်ရှိသော နှမ်းနက်များသည် အရည်အသွေးပိုကောင်းကြောင်း သိရသည်။

Source : **မြို့တော်သတင်းစာ**

## မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေးသို့ တစ်ရက်လျှင်ကြက်ဘဲပိဿာ ကိုးသောင်းကျော် ဝင်ရောက်

ရန်ကုန်တိုင်းဒေသကြီး ၊မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေးသို့ အောက်တိုဘာလဆန်းက ကြက်ဘဲများ အဝင်နည်းခဲ့သော်လည်း အောက်တိုဘာလ နောက်ဆုံးပတ်တွင် တစ်ရက်လျှင် ပိဿာကိုးသောင်းကျော်အထိ ပုံမှန်အတိုင်း ပြန်လည်ဝင်ရောက်နေကြောင်း မင်္ဂလာတောင်ညွန့်ကြက်ဘဲဈေးမှ တာဝန်ရှိသူတစ်ဦးက ပြောပြ သည်။

အဆိုပါ ကြက်ဘဲဈေးသို့ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့မှ ကြက်၊ဘဲများ တင်သွင်းလျက်ရှိရာ ကြက်မွေးမြူသူများက ကြက်ပေါက်ရရှိမှုနည်းသည့်အတွက် အောက်တိုဘာလဆန်းက ကြက်အဝင်လျော့နည်းခဲ့ပြီး အောက်တိုဘာလ နောက်ဆုံးပတ်မှသာ ပုံမှန်အတိုင်း ပြန်လည်ဝင်ရောက်ခြင်းဖြစ် သည်။

“ ကြက်ဘဲဈေးကို ဒီလ လဆန်းပိုင်းက ကြက်၊ဘဲပိဿာ ခြောက်သောင်းကျော်လောက်ပဲဝင်ရာကနေ အခုနောက်ဆုံးပတ်မှာပိဿာကိုးသောင်းကျော်လောက် ပုံမှန်ဝင်ရောက်နေပါတယ် ” ဟု မင်္ဂလာတောင်ညွန့်ကြက်ဘဲဈေးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်ဘဲဈေးသို့ တစ်ရက်လျှင် ကြက်၊ဘဲ ပိဿာ ကိုးသောင်းကျော်ဝင်ရောက်ရာတွင် အသားတိုးကြက်ပိဿာ ၅၅,၀၀၀ ၊ဆီမီးကြက်ပိဿာ ၂၃,၀၀၀ ၊ ကြက်နီမပိဿာ ၇၁၀၀ ၊ ဗမာကြက်ပိဿာ ၄၈၀၀ နှင့် ဘဲပိဿာ ၁၅၀၀ ကျော်ဝင်ရောက်ကြောင်း သိရသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကြက်၊ဘဲဈေးသို့ ရန်ကုန်တိုင်းဒေသကြီး ၊ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကြက်၊ဘဲများ ဝင်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တချို့သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**Source :** မြဝတီသတင်းစာ

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ကြက်သွန်နီများအရောင်းအဝယ်ကောင်းမွန်နေကြောင်းမအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦး က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့်ကြက်သွန်နီများ ပုံမှန်ဝင်ရောက်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်က တစ်ရက်လျှင် ကြက်သွန်နီပိဿာချိန် ၂၀၀ မှ ၄၀၀ ထိသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး စက်တင်ဘာလဒုတိယပတ်မှ အောက်တိုဘာလ တတိယပတ်ထိ ကြက်သွန်နီပိဿာချိန် ၅၀၀ မှ ၇၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်းသိရသည်။

“ရှမ်းပြည်နယ်ဘက်မှာ အရင်နှစ်တွေကထက် ဒီနှစ်ကြက်သွန်နီတွေ အထွက်နှုန်းနည်းနေတယ်လို့သိရပါတယ်။ အထွက်နှုန်းနည်းနေပေမဲ့ ပုံမှန်ဝင်ရောက်နေပါတယ်။ တခြားဒေသတွေကနေ ဧရာဝတီတိုင်းဘက်ကို ကြက်သွန်နီတင်ပို့မှုနည်းတယ်။ လက်ရှိပေါက်နေတဲ့ ကြက်သွန်နီဈေးက သင့်တင့်တယ်လို့ပြောရမယ်။ လက်ရှိပိဿာချိန် တော်တော်များများအရောင်းအဝယ်ဖြစ်နေပါတယ်။တစ်ရက်ပိဿာချိန် ၁၅၀ နဲ့အထက်မှာပဲ အရောင်းအဝယ်ဖြစ်နေပါတယ် ”ဟု မအူပင်မြို့နယ်စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

မအူပင်မြို့နယ်တွင် လက်ရှိ ကြက်သွန်နီ ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၃၅၀,၀၀၀ မှ ၅၅၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူတင်ပို့သည့် လုပ်ငန်းရှင်များ ၊ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောအစုံ အဖီးရေ ၅၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငှက်ပျောအစုံအဖီးရေ ၅၅၀,၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများ ကို ရန်ကုန်ဈေးကွက်သို့ တင်ပို့လျက်ရှိပြီး ဩဂုတ်လအတွင်းက ငှက်ပျောအစုံ အဖီးရေ ၄၀၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်လာလအတွင်း ငှက်ပျောအစုံ အဖီးရေ ၅၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"စက်တင်ဘာလအတွင်း ငှက်ပျောအစုံရန်ကုန်ဈေးကွက်သို့တင်ပို့မှုအားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကို ရန်ကုန်ဈေးကွက်ဘဲတင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာငှက်ပျောတွေကဝယ်ယူမှုများနေတဲ့အခြေအနေရှိနေပါတယ်။ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့တဲ့ ငှက်ပျောသီးတွေက ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ်စတဲ့ ငှက်ပျောအမျိုးအစားတွေ အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့တယ် " ဟု ကျိုက်လတ်မြို့နယ်ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅,၀၀၀၊ ရခိုင်ငှက်ပျောအဖီးရေ ၁၀၀လျှင် ငွေကျပ် ၉၈,၀၀၀ ၊ သီးမွှေးငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅,၀၀၀ နှင့် ဆင်စွယ်ငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

**Source : ရတနာပုံသတင်းစာ**

## ထိုင်းနှင့် ဂျာမနီနိုင်ငံတို့အကြား နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ထိုင်း-ဥရောပသမဂ္ဂ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ခြင်း

ထိုင်းနှင့် ဂျာမနီနိုင်ငံတို့အကြား နှစ်နိုင်ငံ စီးပွားရေး၊ကုန်သွယ်ရေးနှင့် ထိုင်း-ဥရောပသမဂ္ဂ လွတ်လပ်သောကုန်သွယ်ရေး သဘောတူစာချုပ်တို့နှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan နှင့် ဂျာမနီနိုင်ငံ Baden-Wurttemberg ၏ စီးပွားရေး၊ အလုပ်သမားနှင့် ခရီးသွားဝန်ကြီး H.E Mr. Nicole Hoffmeoster-Kraut တို့တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံလုံးက စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကိုပိုမိုခိုင်မာအောင် တည်ဆောက်သွားရန် သဘောတူညီခဲ့ပြီး အထူးသဖြင့်နည်းပညာမြင့်စက်မှုများတွင်ဖြစ်ကြောင်း၊ဂျာမနီသည်ဒီဂျစ်တယ်တီထွင်မှုနှင့်ဉာဏ်ရည်တုတို့တွင် ကျွမ်းကျင်ပြီး ထိုင်းနိုင်ငံကို ထုတ်လုပ်မှုအခြေစိုက်အဖြစ် စိတ်ဝင်စားလျက်ရှိပါကြောင်း၊ Baden-Wurttemberg ၏ GDP နှင့် လူဦးရေ အရွယ်အစားသည် ဂျာမနီ၏ ပြည်နယ် ၁၆ ခုတွင် တတိယအကြီးဆုံးဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ကုန်သွယ်မှုသည် နှစ်နိုင်ငံ စုစုပေါင်းကုန်သွယ်မှု၏ ၂၀ ရာခိုင်နှုန်းရှိပါကြောင်း၊ Baden-Wurttemberg ၏ အဓိကပို့ကုန်များမှာ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများ၊ အလိုအလျောက်အချက်အလက်ထုတ်ပေးသည့်ယန္တရားများနှင့် အီလက်ထရောနစ်ပစ္စည်းများဖြစ် ကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များသည် သန့်ရှင်းသောစွမ်းအင်၊ အစိမ်းရောင်အသွင်ကူးပြောင်းခြင်း၊ လျှပ်စစ်မော်တော်ကားနှင့် ဘက်ထရီ

TIR

စက်ရုံများ၊ အချက်အလက်စင်တာများ၊ လျှပ်စစ်ဆားကစ်ပြားများနှင့် အစားအစာနှင့် ခရီးသွားလုပ်ငန်းရှိ Soft Power တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

Baden-Wurttemberg သည် ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသော Daimler Mercedes Benz၊ Robert Bosch၊ Festo၊ SAP SE နှင့် Carl Zeiss စသည့် နည်းပညာမြင့်ကုမ္ပဏီများ၏ အခြေစိုက်ဖြစ်ပါကြောင်း၊ ထိုင်း-ဥရောပသမဂ္ဂ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်အပြီးသတ်နိုင်ရေး တွန်းအားပေးရန်တောင်းဆိုခဲ့ပါကြောင်း၊၂၀၂၃ခုနှစ်တွင် ဂျာမနီသည် ဥရောပ၌ ထိုင်းနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇ ဘီလီယံ ရှိခဲ့ ပါကြောင်း၊ အဓိက ပို့ကုန်များမှာ လျှပ်စစ်ဆားကစ်ပြားများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ ကွန်ပျူတာပစ္စည်းများ၊ မော်တော်ကားနှင့် ဆက်စပ်ပစ္စည်းများနှင့် ယန္တရားများဖြစ်ပြီး သွင်းကုန်များမှာ ယန္တရားများ၊ အီလက်ထရောနစ် ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ဓာတုပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာ ပစ္စည်းများ ဖြစ်ကြောင်း သိရှိရပါသည်။

**Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

**www.myantrade.gov.mm**

## ထိုင်းနိုင်ငံ၌ သစ်သီးရာသီကုန်ဆုံးခါနီးပြီဖြစ်၍ သစ်သီးဈေးနှုန်းများ မြင့်တက်လာလျက်ရှိခြင်း

ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ သစ်သီးရာသီ ပိတ်သိမ်းချိန်သို့ နီးကပ်လာပြီဖြစ်သဖြင့် ဒူးရင်းသီး၊ မင်းဂွတ်သီး၊ ကြက်မောက်သီး၊ ကနစိုသီး နှင့် သရက်သီးဈေးနှုန်းများ မြင့်တက်လာလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနသည် ၂၀၂၄ ခုနှစ်အတွင်း သစ်သီးထုတ်လုပ်မှုနှင့် ဈေးနှုန်းများကို စောင့်ကြည့်လျက်ရှိကြောင်း၊ ရာသီကုန်ဆုံးတော့မည်ဖြစ်ပြီး သစ်သီးအမျိုးအစားအားလုံး၏ ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း၊ အဓိကအစီအမံ ၆ခုနှင့် ဆောင်ရွက်မှု ၂၅ ခု ပါဝင်သော ၂၀၂၄ ခုနှစ် သစ်သီးစီမံခန့်ခွဲမှု အစီအစဉ်ကို အောင်အောင်မြင်မြင်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးသည် ပြည်တွင်းဈေးကွက်ချဲ့ထွင်ရန်၊ဈေးကွက်သစ်များသို့ ပို့ကုန်တိုးချဲ့ရန်နှင့်တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ရန်အားပေးလျက်ရှိရာကြိုတင်ပြင်ဆင်ခြင်းများကို သစ်သီးများဈေးကွက်အတွင်းသို့ မဝင်ရောက်မီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သစ်သီးရာသီကို အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့ပြီး ဈေးနှုန်းမြင့်မားရရှိ၍ဝင်ငွေတိုးမြှင့်ခဲ့သောတောင်သူများအတွက် ရွှေရောင်နှစ်တစ်နှစ်ထပ်မံရရှိသကဲ့သို့ဖြစ်ကြောင်း၊ ဝန်ကြီးကလာမည့်နှစ် သစ်သီးရာသီအတွက် အစီအမံများကြိုတင်စီစဉ်ထားရန်လမ်းညွှန်ထားပါကြောင်း၊ယင်းအစီအမံများသည် ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ပြည်တွင်းနှင့်ပြည်ပဈေးကွက်များသို့တိုးချဲ့ခြင်း၊ကုန်သွယ်မှုစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့်ဥပဒေအစီအမံများကိုအသုံးချနိုင်ရေးတို့ဖြစ်ကြောင်း၊ ၂၀၂၅ သစ်သီးစီမံခန့်ခွဲမှုအစီအစဉ်ကို အပြီးသတ်ပြီးပါက အစီအမံများကိုတက်ကြွစွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းအရှေ့ခြမ်း သစ်သီးရာသီသည် သစ်သီးဈေးနှုန်းအမြင့်ဖြင့် ပိတ်သိမ်းခဲ့ပြီဖြစ်ကြောင်း၊ တောင်ပိုင်းသည် ပိတ်သိမ်းခါနီးဖြစ်နေပြီး ဒူးရင်း ၉၈ ဒသမ ၆ ရာခိုင်နှုန်းသည် ခူးဆွတ်ပြီးဖြစ်ပါကြောင်း၊ မြောက်ပိုင်းသည်လည်း သစ်သီးရာသီပိတ်သိမ်းရန် နီးကပ်လာပြီး သရက်သီးထုတ်လုပ်မှုသည် ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ၂၀၂၄ခုနှစ် ပထမ ၈ လတွင်းလတ်ဆတ်သစ်သီး ၁ ဒသမ ၄ သန်းတန်တင်ပို့နိုင်ခဲ့ပြီး ဘတ် ၁၅၀ ဘီလီယံ ရရှိခဲ့ပါကြောင်း၊ တရုတ်သည် ဝယ်လိုအားကောင်းနေဆဲဖြစ်သဖြင့် အဓိကပို့ကုန်ဈေးကွက်ဖြစ်နေဆဲဖြစ်ကြောင်း၊ အခြားသော ပို့ကုန်ဈေးကွက်များဖြစ်သည့် တောင်ကိုရီးယား၊ ဟောင်ကောင်နှင့် မလေးရှားတို့သည်လည်း ထိုင်းနိုင်ငံမှ လတ်ဆတ်သစ်သီးများ တင်သွင်းမှုမြင့်တက်လာလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံ၌ တောင်သူများ၏ ဝင်ငွေတည်ငြိမ်စေရေးနှင့် ဈေးကွက်ခိုင်မာမှုရှိစေရေးအတွက် သစ်သီးများ ဈေးကွက်အတွင်းသို့ မဝင်ရောက်မီ သစ်သီးထုတ်လုပ်မှုနှင့် ဈေးနှုန်းစီမံခန့်ခွဲသည့် အစီအမံ ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

www.myantrade.gov.mm

## ၂၀၂၄ တတိယသုံးလပတ်၌ ဖိလစ်ပိုင်၏ စပါးအထွက် ၁၂ ရာခိုင်နှုန်းကျဆင်းနိုင်



ဖိလစ်ပိုင်နိုင်ငံ၌ ရာသီဥတု ဆိုးရွားမှုဒဏ်ကို ကြုံတွေ့ရပြီးနောက် လယ်သမားများက ၎င်းတို့၏ စိုက်ပျိုးမှု ဧရိယာကို လျှော့ချခဲ့ကြရာ ၂၀၂၄ ခုနှစ် တတိယသုံးလပတ်တွင် စပါးအထွက်ပမာဏသည် နှစ်စဉ်ထုတ်လုပ်မှု မက်ထရစ်တန်ချိန် ၃ဒသမ၄ သန်း အောက်သို့ ၁၂ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း Philippine Star သတင်းဌာနက ဖော်ပြထားသည်။

ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့ (PSA)၏နောက်ဆုံးခန့်မှန်းချက်အရ ဇူလိုင်လမှ စက်တင်ဘာလအတွင်း စပါးထွက်ရှိနိုင်မှုသည် မက်ထရစ်တန်ချိန် ၃ ဒသမ ၃၅ သန်းရှိပြီး ယမန်နှစ် အလားတူကာလက မှတ်တမ်းတင်ထားသည့် ပမာဏတန်ချိန် ၃ ဒသမ ၈ သန်းထက် ၁၁ ဒသမ ၉ ရာခိုင်နှုန်း လျော့နည်းမည်ဖြစ်သည်။

စပါးစိုက်ဧရိယာများ လျော့ကျခြင်းက PSA အနေဖြင့် တတိယသုံးလပတ်အတွက် ခန့်မှန်းချက်ကို ပြန်လည်ပြင်ဆင်ရန် တွန်းအားဖြစ်ပေါ်ခဲ့သည်။

ယခုနောက်ဆုံး အကြိမ်ခန့်မှန်းချက်သည် PSA ၏ ပထမအကြိမ်၌ ခန့်မှန်းထားသည့် စပါးတန်ချိန် ၃ ဒသမ ၃၉ သန်းအောက်တန်ချိန် ၄၀,၀၀၀ လျော့နည်းလျက်ရှိသည်။

ထို့ပြင် ၂၀၁၉ ခုနှစ် တတိယသုံးလပတ်၌ စပါးတန်ချိန် ၃ ဒသမ ၀၅ သန်း ထွက်ရှိခဲ့မှု နောက်ပိုင်း ၅ နှစ်တာအတွင်းအနိမ့်ဆုံးလည်းဖြစ်သည်။

စက်တင်ဘာ ၁ ရက်နေ့ရှိ စိုက်ပျိုးထားဆဲသီးနှံအပေါ် အခြေခံ၍ ၂၀၂၄ ခုနှစ် တတိယ သုံးလပတ်တွင် စပါးရိတ်သိမ်းနိုင်မည့် ဧရိယာသည် ၇၉၆,၂၈၀ ဟက်တာရှိမည်ဟု PSA က ခန့်မှန်း ထားရာယခင်နှစ် ကာလတူ၌ ရိတ်သိမ်းခဲ့သော ဧရိယာ ၉၂၆,၉၂၀ ဟက်တာအောက်သို့ ၁၄ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

သို့ရာတွင် စပါးအထွက်နှုန်းမှာမူ ယခင်နှစ်၌ ထွက်ရှိခဲ့သော ၁ ဟက်တာလျှင် ၄ဒသမ၁ တန်ထက် ၂ဒသမ၄ ရာခိုင်နှုန်းတိုးတက်လျက် ယခုနှစ်တွင် ၁ ဟက်တာလျှင်၄ ဒသမ ၁ တန် အထိ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

စိုက်ပျိုးထားဆဲ စပါးစိုက် ဧရိယာ စုစုပေါင်း အနက် ၃၁၀,၇၈၀ ဟက်တာခန့်ကို ရိတ်သိမ်းခဲ့ပြီး စပါးတန်ချိန် ၁ ဒသမ ၃၁ သန်းခန့်ထွက်ရှိကြောင်း သိရသည်။


ရိတ်သိမ်းရန်ကျန်ရှိနေသေးသည့် စပါးစိုက်ခင်း ၄၈၅,၅၀၀ ဟက်တာ၏ ၁၆ ဒသမ ၅ ရာခိုင်နှုန်းမှာ မျိုးပွားပြီးအဆင့်တွင်ရှိပြီး ကျန်ဧရိယာများသည် ရင့်မှည့်သည့်အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း PSA ကပြောဆိုသည်။

PSA ၏ ခန့်မှန်းချက်အတိုင်း တတိယသုံးလပတ်အတွက် စပါးရိတ်သိမ်းထွက်ရှိခဲ့ပါက နိုင်ငံ၏ ဇန်နဝါရီလမှ စက်တင်ဘာလအထိ စပါးအထွက်ပမာဏသည် အနည်းဆုံး တန်ချိန် ၁၁ဒသမ၈၈ သန်းသို့ ရောက်ရှိမည်ဖြစ်ပြီး ယခင်နှစ်ကာလတူ ၉ လတာ၌ ထွက်ရှိခဲ့သော စပါးတန်ချိန် ၁၂ ဒသမ ၈၂၄ သန်းအောက် ၇ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းမည်ဖြစ်ပါသည်။

**Source:ThePhilippineStar,17Oct 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**https://www.doca.gov.mm/**

## ယခုနှစ်၏ ပထမ ၉လတွင် ကမ္ဘောဒီးယား၏ အာဆီယံနှင့်ကုန်သွယ်မှု ၁၃ ရာခိုင်နှုန်း မြင့်တက်




ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ကမ္ဘောဒီးယား၏ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ၇၂ ဘီလီယံရှိခဲ့ပြီး၂၀၂၃ခုနှစ်၏ တူညီသည့်ကာလထက် ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်ချက်အရသိရသည်။

ထိုကာလအတွင်း ကမ္ဘောဒီးယားသည် အာဆီယံနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၃ဒသမ၈၁ ဘီလီယံတန်ဖိုးတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇ဒသမ၉၁ ဘီလီယံတန်ဖိုးပြန်လည်တင်သွင်းခဲ့ကာ ၂၀၂၃ခုနှစ်၏ တူညီသည့်ကာလထက် ၁၃ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်းသိရသည်။

ထိုကာလအတွင်း ကမ္ဘောဒီးယား၏ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၁ ဒသမ၄ ဘီလီယံရှိသည့်အတွက် အာဆီယံနှင့်ကုန်သွယ်မှုမှာ ထိုစုစုပေါင်းပမာဏ၏ ၂၈.၃ ရာခိုင်နှုန်း ရှိကြောင်းသိရသည်။

ထိုကာလအတွင်း ၎င်းတို့၏ထိပ်ဆုံးကုန်သွယ်ဖက် ၅နိုင်ငံမှာ ဗီယက်နမ်၊ ထိုင်း၊ စင်္ကာပူ၊ အင်ဒိုနီးရှားနှင့် မလေးရှား တို့ဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ကို ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊စင်္ကာပူ၊ထိုင်းနှင့်ဗီယက်နမ်တို့ဖြင့်ဖွဲ့စည်းထားကြောင်းသိရသည်။

**Source:Times**

**DOCA(ရန်ကုန်)**

**https://www.doca.gov.mm/**

## အီသီယိုးပီးယားနိုင်ငံက လက်ရှိဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ရရှိ

အီသီယိုးပီးယားနိုင်ငံသည် လက်ရှိဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ရရှိခဲ့ကြောင်း နိုင်ငံ၏ ကုန်သွယ်မှုနှင့်ဒေသဆိုင်ရာပေါင်းစည်းရေးဝန်ကြီးဌာနကပြောသည်။

ဇူလိုင်လ ၈ ရက်တွင် စတင်သည့် လက်ရှိဘဏ္ဍာနှစ်၏ ပထမသုံးလပတ်အတွက် သတ်မှတ်ထားသည့် ပို့ကုန်ဝင်ငွေပမာဏကို ရရှိခဲ့ကြောင်း နိုင်ငံပိုင်အီသီယိုးပီးယားသတင်းအေဂျင်စီက အောက်တိုဘာလ ၂၆ ရက် တွင် သတင်းဖော်ပြသည်။

လက်ရှိဘဏ္ဍာရေးနှစ်၏ ပထမသုံးလပတ်တွင် ပို့ကုန်ပမာဏနှင့်တန်ဖိုးအရ သိသိသာသာတိုးတက်လာပြီး ပို့ကုန်ဝင်ငွေသည် ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်တိုးလာကြောင်း ဝန်ကြီးဌာနကပြောသည်။

အီသီယိုးပီးယားနိုင်ငံသည် လူဦးရေ ၁၂၆ ဒသမ ၅ သန်းရှိပြီး အာဖရိကတွင် နိုင်ဂျီးရီးယားပြီးလျှင် ဒုတိယလူဦးရေအများဆုံးနိုင်ငံဖြစ်သည့်အပြင် ဒေသတွင်းတွင် စီးပွားရေးတိုးတက်မှုအမြန်ဆုံးနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း စီးပွားရေးတိုးတက်မှုနှုန်းတစ်သမတ်တည်းမြင့်မားနေသော်လည်း အီသီယိုးပီးယားသည် အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေကြောင်း ကမ္ဘာ့ဘဏ်က ဆိုသည်။

၂၀၂၅ခုနှစ်တွင် အလယ်အလတ်ဝင်ငွေနည်းပါးသောနိုင်ငံများစာရင်းတွင် ရောက်ရှိရန်ရည်မှန်းထားကြောင်း သိရသည်။

Source: **ကြေးမုံသတင်းစာ**

# STOCK EXCHANGE (29.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 29th Oct. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,539 (Shares) | 13,719,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,300 | 230 | 1,919,300 | 33,109,694 | 281,432 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,250 | 1,329 | 4,335,700 | 38,929,150 | 128,466 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 93 | 781,200 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | -50 | -2.44% | 2,000 | 2,000 | 2,000 | 1,292 | 2,584,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,800 | 2,850 | 2,800 | 109 | 310,200 | 12,823,224 | 36,546 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,650 | 707 | 1,176,550 | 19,977,223 | 32,962 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,400 | 4,500 | 4,400 | 38 | 167,400 | 10,497,598 | 47,239 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 741 | 2,445,300 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 29th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.64 | -0.59 | -0.15% | 397.41 | 398.64 | 395.10 | 4,539 | 13,719,650 | 8 | 751,898 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 29th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 4,539 (Shares) | 13,719,650 (MMK) |

### Main Board

As of 1:00 pm, 29th Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,539 (Shares) | 13,719,650 (MMK) |

| MYANPIX | 398.64 ▼ 0.59 |
|---|---|
| Total Volume (shares) | 4,539 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 751,898 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 100 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 2,000 | ▼ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |